www.burmeseclassic.com

အလင်းသစ်
စာပေ

ဓမ္မဒူတ

# ဒေါက်တာအရှင်ဆေကိန္ဒ

## ဆွဲရာနောက်လိုက်နေကြတယ်



သဒ္ဓါရှိတဲ့စိတ်က လှူတယ်။
တဏှာရှိတဲ့စိတ်က ယူတယ်။

မိမိစိတ်ကလေးက မကောင်းရင်
လုပ်သမျှလည်း မကောင်းဘူး။
ပြောသမျှလည်း မကောင်းဘူး။
ကြံစည်သမျှလည်း မကောင်းပါဘူး။

မကောင်းရင် နောက်က နွားလှည်းဘီးက
နွားခြေထောက်ကို တကော်နင်းမိသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်စာစဉ် - (၁၄)

# ဆွဲရာနောက် လိုက်နေကြတယ်

## မမှုန့်တ ဒေါက်တာအရှင်ဆောက်နွှ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၀ ခုနှစ်၊ မေလ၊ အလင်းသစ်စာပေ (ပထမအကြိမ်)

အုပ်ရေ - ၅၀၀၀

တန်ဖိုး - ၆၀၀ ကျပ်

သာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာနမှ မှတ်ပုံတင်အမှတ် - ၀၃၇၄၃/၀၂၄၀၅ ဖြင့် **မြတ်ထက်ဟိန်းပုံနှိပ်တိုက်**၊ အမှတ်(၅)၊ ဈေးလမ်း၊ တပ်မြေ၊ ရန်ကုန်မြို့၌ ရိုက်နှိပ်ခွင့်ပြုသည်။

မျက်နှာဖုံးဖလင် - **Eagle**၊ မျက်နှာဖုံးဒီဇိုင်း - **ဗဂျီလင်းဝဏ္ဏ**၊ အတွင်းပန်းချီသရုပ်ဖော် - **ဆန်းထွန်း**၊ အတွင်းဖလင် - **အောင်ဇော်(ပုံရိပ်ရှင်)**၊ ကွန်ပျူတာစာစီ - **အလင်းသစ်**၊ စာအုပ်ချုပ် - **မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း** တို့တွင် ပြုလုပ်ဆောင်ရွက်သည်။

အလင်းသစ်စာပေ

အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈ လိုင်းခွဲ - ၂၅၄ က ထုတ်လုပ်ဖြန့်ချိသည်။

http://www.ahlinthitbooks.com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ လောကကို ဘယ်သူ ဖန်ဆင်းတာလဲ | ..... | ၇ |
| ၂။ လောကသုံးပါး | ..... | ၁၁ |
| ၃။ အမြီးပေါက်အောင်လုပ်တဲ့စိတ် | ..... | ၁၅ |
| ၄။ စာမေးပွဲအောင်ချင်ရင် | ..... | ၁၉ |
| ၅။ ဩကာသရဲ့ အဓိပ္ပာယ်တစ်ခု | ..... | ၂၃ |
| ၆။ ဆွမ်းလောင်းတာကို သဘောပေါက်ပါ | ..... | ၂၇ |
| ၇။ လှူချင်တာ တဏှာမဟုတ် | ..... | ၃၁ |
| ၈။ ဘယ်လိုစိတ်နဲ့ သိမ်းမှာလဲ | ..... | ၃၅ |
| ၉။ ဘယ်သူက ဆွမ်းလောင်းခိုင်းတာလဲ | ..... | ၃၉ |
| ၁၀။ လောကကြီးကောင်းအောင် ဘယ်သူ လုပ်တာလဲ | ..... | ၄၃ |
| ၁၁။ လောကကြီးကို ဆွဲဆောင်တာ ဘယ်သူလဲ | ..... | ၄၇ |
| ၁၂။ ကောင်းတဲ့စိတ်လေး ဆိုးသွားပြီ | ..... | ၅၁ |
| ၁၃။ ရှုပ်တော့ အဖော်လိုတယ် | ..... | ၅၅ |
| ၁၄။ လှည်းယဉ်မောင်းလို့ ထွက်ကြပြီ | ..... | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com


၁၅။ ကိုယ့်မိန်းမ မနိုင်တိုင်း ..... ၆၃

၁၆။ ရှက်လို့ လူထွက်တော့မယ် ..... ၆၇

၁၇။ စိတ်စေရာလိုက်ရင်း ..... ၇၁


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.c

www.burmeseclassic.com

# လောကကို ဘယ်သူ ဖန်ဆင်းတာလဲ...

ဆွဲရာနောက် လိုက်နေကြတယ် မဟုတ်လား ...။

ဘယ်သူတွေက ဆွဲလို့ ဘယ်သူတွေက လိုက်နေကြတယ်ဆို တာ သိဖို့ပါပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးစဉ်က နတ်ပြည်ဌာန နတ်လောက နတ်ဖြဟ္မာတွေဟာ တစ်ဦးဦးက ဦးဆောင်ပြီးတော့ အဖွဲ့လိုက်လာ,လာ မေးတယ်။ သန်းခေါင်ယံအချိန် လူခြေတိတ်ချိန်မှာ လာမေးတယ်။ လာမေးတဲ့ မေးခွန်းက (၃) ခုပါ။ အဲဒီမေးခွန်း သုံးခုကတော့ –

(၁) လောကကြီးကို ဘယ်သူက ဖန်ဆင်းတာလဲ။

(၂) လောကကြီးကို ဘယ်သူက ဆွဲခေါ်နေတာလဲ။

(၃) သတ္တဝါတွေ အဲဒီ ဆွဲခေါ်တဲ့ တရားနောက် လိုက်နေရ တယ်ပြောတယ်။ အဲဒီတရားက ဘယ်တရားလဲ။

သတ္တဝါတွေကို ဘယ်သူက ဖန်ဆင်းတာလဲ။ သတ္တဝါတွေ ဆိုတာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ။

ဟော – လောကဆိုတာရှိတယ် အဲဒီလောကကို ဘယ်သူက ဖန်ဆင်းတာလဲ၊ ဘယ်သူက ဖြစ်အောင်လုပ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



လောကသုံးပါး ရှိပါတယ်။ လောကကို ဘယ်သူက ဖြစ်အောင်လုပ်တာလဲ။ အခု မဟာဒုက်ပွဲကြီးတွေ၊ ဆွမ်းလောင်းပွဲကြီးတွေကို ဘယ်သူက ဖြစ်အောင် လုပ်တာလဲ။

ဘာတဲ့၊ မဟာဒုက်ဘုရားမဲနှင့် ဆွမ်းသိမ်းအောင်ပွဲ၊ ဆွမ်းလောင်းတာ အောင်တာလား၊ ဆွမ်းသိမ်းတာ အောင်တာလား၊ ဆွမ်းသိမ်းလိုက်ပါပြီ မလောင်းတော့ပါဘူးဆိုမှ အောင်ပွဲဖြစ်ရလား။

မှတ်ထား၊ ဆွမ်းသိမ်းဆို ရှုံးပွဲလို့သာ လုပ်လိုက်၊ ဆွမ်းလောင်းမှ အောင်မှာပေါ့၊ ကုသိုလ်လုပ်နေမှ အကုသိုလ်ကို အောင်မှာပေါ့။ သဒ္ဓါတရား စဝင်လို့ ဝီရိယတရား၊ အသိတရား ရှိနေရင် ကိလေသာကို အောင်မယ်ပေါ့၊ ဆွမ်းလောင်း အောင်ရမှာလား၊ ဆွမ်းသိမ်း အောင်ရမှာလား။

အဲဒီ ဆွမ်းလောင်းအောင် ဘယ်သူက လုပ်တာလဲ။ ဆွမ်းလောင်းပွဲကို လူတွေက လုပ်တာဆို မှန်သပေါ့။ ဒီလူတွေ လောင်းအောင် ဘယ်သူ လုပ်သလဲ၊ သဒ္ဓါတရားက လုပ်တာပါ။ လောကကို စိတ်က ဖန်ဆင်းတာ။ ဟောဒီ ဆွမ်းလောင်းတာလည်း စိတ်ကပါ။ ဆွမ်းသိမ်းတာလည်း စိတ်ကပါ။ ဆွမ်းသိမ်းတာနဲ့ စိတ်က ဖောက်လာတယ်။ ဆွမ်းလောင်းတာကို ဖန်ဆင်းတဲ့စိတ်နဲ့ ဆွမ်းသိမ်းတာကို ဖန်ဆင်းတဲ့စိတ် ဘယ်ဟာက ကောင်းလဲဆိုတော့ ဆွမ်းလောင်းတာက ကောင်းပါတယ်။

ဒါဖြင့် သိမ်းမနေနဲ့၊ နေ့တိုင်းလောင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကဲ … ဘုန်းတော်ကြီး မြတ်စွာဘုရား မိန့်တော်မူတာ ရှင်းနေတာပဲ။ ဘယ်သူက လောကကို ဖန်ဆင်းတာလဲ၊ စိတ်ကပဲ ဖန်ဆင်းတာ။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လောကသုံးပါး

မိမိစိတ်ကလေးက မကောင်းရင် လုပ်သမျှလည်း မကောင်းဘူး၊ ပြောသမျှလည်း မကောင်းဘူး၊ ကြံစည်သမျှလည်း မကောင်းပါဘူး။ မကောင်းရင် နောက်က နွားလှည်းဘီးက နွားခြေထောက်ကို တက်နင်းမိသလိုပါပဲ။

တကယ်လို့ ကိုယ့်စိတ်လေးက ကောင်းရင် လုပ်တာလည်း ကောင်းတယ်၊ ပြောတာလည်း ကောင်းတယ်၊ စဉ်းစားတာလည်း ကောင်းပါတယ်။ အကျိုးပေးလည်း ကောင်းပြီးတော့ အမှောင်ရိပ်ကနေ အလင်းထဲ ထွက်လိုက်သလိုပဲ။

ဟောဒီ လူတွေမှာ စိတ်မရှိဘူးလား၊ ရှိပါတယ်။ လူတွေထိုင်တယ်၊ ထတယ်ဆိုတာ စိတ်ရှိလို့ လှုပ်ပြီး သွားလိုက်၊ လာလိုက်၊ ထိုင်လိုက်၊ လျှောင်းလိုက်၊ ပြောလိုက် လုပ်နေတာပေါ့။

သာကေတမှာ ဆိုင်ကြီး အကြီးကြီးရှိပါတယ်။ ဘာဆိုင်လဲဆိုတော့ Capital Hyper Mart ပါ။ အထဲမှာ အရုပ်တွေ ဘာတွေရှိတယ်။

ကဲ–သူတို့ ရပ်နေတယ်၊ ထိုင်နေလား၊ ထိုင်သေးလားဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မထိုင်ပါဘူး။ ဘာမရှိလို့ မထိုင်တာလဲဆိုတော့ စိတ်မရှိလို့ပါ။

တကယ်လို့ သူတို့ကို ပေးထိုင်ထားရင်ကော ရပ်သေးလားဆိုတော့ မရပ်ပါဘူး။ ဘာဖြစ်လို့ဆိုရင် စိတ်မရှိလို့ပါ။

ကြာကြာထိုင်တယ်၊ ကြာကြာရပ်တယ် ဆိုတာ စိတ်က ဖြစ်ချင်တိုင်း လူက လိုက်ဖြစ်တာ။

အရေးကြီးတယ်နော်၊ ဒါတော့ သဘောပေါက်စေချင်ပါတယ်။

ဟော– စိတ်က လောကကြီးကို ဖန်ဆင်းတယ်ဆိုတော့ လောက ဘယ်နှမျိုးရှိလဲ၊ ၃ မျိုးပါ။

သတ္တလောကရယ်၊ သင်္ခါရလောကရယ်၊ ဩကာသလောကရယ်။

သတ္တလောကကိုလည်း ဖန်ဆင်းတာ စိတ်ကပါ။ သင်္ခါရလောကကိုလည်း ဖန်ဆင်းတာ စိတ်ကပါ။ ဩကာသလောကကိုလည်း ဖန်ဆင်းတာ စိတ်ကပါ။

အဲဒါလေးကို လက်ခံကျင့်သုံး ယုံကြည်သွားရင်၊ သဘောပေါက် နားလည်သွားရင်၊ စိတ်ကသာ လောကကြီးကို ဖန်ဆင်းတာ နားလည်သွားရင် ဘယ်တန်ခိုးရှင်၊ ဘယ်ဘုရားမှ လောကကြီးကို ဖန်ဆင်းတာ မဟုတ်ပါဘူး။

ဘယ်တန်ခိုးရှင်တွေကမှ ရုပ်၊ နာမ်ကို ဖန်ဆင်းတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တန်ခိုးရှင်ကမှ နေရာဒေသ ဩကာသကို ဖန်ဆင်းတာ မဟုတ်တော့ဘူး။ အဲဒါသိဖို့ ပြောပေးတာ။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.c

www.burmeseclassic.com

# အမြီးပေါက်အောင် လုပ်တဲ့စိတ်

သတ္တလောကဆိုတာ သတ္တဝါကိုပြောတာ။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေကို ဖန်ဆင်းတာ စိတ်ကပါ။

လူဖြစ်အောင်လည်း စိတ်က ဖန်ဆင်းတယ်။ နတ်ဖြစ်အောင် လည်း စိတ်က ဖန်ဆင်းတယ်။ ဗြဟ္မာ ဖြစ်အောင်လည်း စိတ်က ဖန်ဆင်းတယ်။ အဲ - အဟိတ် တိရစ္ဆာန် ကြက်၊ ငှက်၊ ဝက်၊ ခွေး ဖြစ်အောင်လည်း စိတ်က ဖန်ဆင်းတယ်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေကို စိတ်က ဖန်ဆင်းတယ်။

ဒါပေမယ့် လူလည်းပဲ သင်္ခါရ အနေနဲ့ ရုပ်နာမ်။ နတ်လည်းပဲ သင်္ခါရအနေနဲ့ ရုပ်နာမ်၊ တိရစ္ဆာန်တွေလည်း သင်္ခါရအနေနဲ့ ရုပ်နာမ်။

ဒါဖြင့် ပြောကြစို့၊ တိရစ္ဆာန်နဲ့ လူနဲ့က ဘာထူးတုံး၊ စိတ်ကွာ ပါတယ်။ သင်္ခါရ၊ သင်္ခါရ ဆိုလို့ ရုပ်နာမ်နှစ်ပါး သင်္ခါရက ဘာမှ မထူးပေမယ့် သတ္တဝါကတော့ ထူးပါတယ်။

လူတွေမှာ ချိုမပေါက်ပါ၊ အမြီး မပေါက်ပါ၊ အစွယ်မပေါက် ပါ။ ဒါပေမယ့် လူတွေမှာ ချိုပေါက်တဲ့သူ ရှိတယ်။ တွေ့ဖူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ မကျေနပ်လို့ ဝှေ့၊ ဒီလူ မကျေနပ်လို့ ဝှေ့။ အဲဒါ ဘာဖြစ်တာတုံး၊ ချိုပေါက်တာပါ။

ခွာပေါက်တဲ့သူ တွေ့ဖူးလား။

ဆင်တွေ မကျေနပ်ရင် ခြေထောက်ကြီးနဲ့ ဆောင့်ကန်နင်းပစ်တာ။ ကိုယ့်ထက် နိမ့်ကျတဲ့သူတွေကို နှိမ့်ချရင် အဲဒါ ခွာပေါက်တာ။ တချို့က ဘာရယ် မဟုတ်ဘူး၊ လူလူချင်း နှိမ်တာ။ အဲဒါ ခွာပေါက်တဲ့သူတွေ။

ဘို့ပေါက်တဲ့လူကျတော့ ထမ်းပိုးတပ် အစာလေး ကျွေးပြီးတော့သာခိုင်း ရုန်းလိုက်တာ ပြောမနေနဲ့။ အဲဒါ ဘို့ပေါက်တာပါ။ အမြီးပေါက်တဲ့သူ တွေ့ဖူးလား၊ အမြီးတော့ ဘယ် အပြင်ထုတ်ထားပါ့မလဲ။

အေး–လူကြီးသူမတွေ ပြောတာကို ပြက်သလိုလို ပြောင်သလိုလို ချော်သလိုလို စကားနားမထောင်ဘဲ ကျောပေးပြီး ယမ်းတမ်းယမ်းတမ်း သွားတာ အမြီးပေါက်တာပါ။ လူကြီးသူမစကား နားမထောင်ဘဲ ဟိုဘက်လှည့်ပြီး ယမ်းသွားရင် အမြီးယမ်းသွားတာပါ။

အေး – ချိုပေါက်အောင်လည်း ဒီစိတ်က လုပ်တာ။ ဘို့ပေါက်အောင်လည်း ဒီစိတ်ကလုပ်တာ။ ခွာပေါက်အောင်လည်း ဒီစိတ်က လုပ်တာပါ။ အမြီးပေါက်အောင်လည်း ဒီစိတ်က လုပ်တာပါ။ အစွယ်ပေါက်အောင်လည်း ဒီစိတ်က လုပ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အေး… ပြောချင်တာက ဟောဒီ စိတ်က အရေးကြီးပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.c

www.burmeseclassic.com

## စာမေးပွဲအောင်ချင်ရင်

ကိုယ့်ကိုယ်ကိုယ် စဉ်းစားလို့ လူဖြစ်ချင်တဲ့စိတ်က လူကို ဖြစ်စေတာ။

နတ်ဖြစ်ချင်တဲ့စိတ်က နတ်ကို ဖြစ်စေတာ။

ဗြဟ္မာဖြစ်ချင်တဲ့စိတ်က ဗြဟ္မာကို ဖြစ်စေတာ။

တိရစ္ဆာန်ဖြစ်ချင်တဲ့စိတ်က တိရစ္ဆာန်ကို ဖြစ်စေပါတယ်။

ကြောင်လေးတွေရှိတယ်။

ကြောင်လေးတွေ ကိုယ့်အိပ်ရာပေါ် တက်အိပ် သဘောကျတယ် မဟုတ်လား။

တချို့ ရင်ဘတ်ထဲထည့်၊ ရင်ခွင်ထဲထည့်၊ ခြေထောက်ပေါ် တင်ပြီးတော့ ပွေ့ချီလိုက်တာ၊ ကြောင်ကလေး သဘောကျလို့ တစ်ခါချီရင် နောက်ဘဝ ကြောင်ဖြစ်မယ်။

ခွေးသေးသေးလေးတွေ သဘောမကျဘူးလား။

ကျပါတယ်၊ ကျ .. ကျ၊ အဲဒါ ခွေးဖြစ်မှာပဲ၊ ကြောင် သဘောကျရင်လည်း ကြောင်ဖြစ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လား မသိဘူး။

စိတ်အရေးကြီးတယ်။

လူဖြစ်ချင်ရင် လူဖြစ်ပြီး နတ်ဖြစ်ချင်ရင် နတ်ဖြစ်ပါတယ်။

ဗြဟ္မာဖြစ်ချင်ရင် ဗြဟ္မာဖြစ်ပါတယ်။

တိရစ္ဆာန်ဖြစ်ချင်ရင် တိရစ္ဆာန်ဖြစ်ပါတယ်။

ဘယ်သူ အရေးကြီးတာလဲ။

ဖြစ်ချင်တဲ့စိတ်က ဖြစ်တယ် ဆိုပေမယ်လို့ လူဖြစ်ချင်တိုင်း ဖြစ်သလား၊ မဖြစ်ပါဘူး။

လူဖြစ်ချင်တဲ့စိတ်လည်း ပါရမယ်။

လူဖြစ်အောင် လုပ်တဲ့ကံလည်း ပါရပါမယ်။

စိတ်တစ်ခုတည်းနဲ့ မဖြစ်ပါဘူး။

အဲ –ထီ ပေါက်ချင်လိုက်တာ ဆိုတဲ့ စိတ်ရှိရုံ မဖြစ်ပါဘူး။ စာမေးပွဲအောင်ချင်လိုက်တာ ဆိုတဲ့စိတ်ရှိရုံ မဖြစ်ပါဘူး။

အဲဒီ စိတ်လည်း ပါရမယ်၊ နောက်က လုပ်တဲ့ အလုပ်လည်း ပါရပါ့မယ်။

ကဲ– ဒီလူတွေ ဆွမ်းလောင်းချင်တဲ့စိတ် ပေါ်ရုံနဲ့ပြီးလား၊ မပြီးပါဘူး။

ဆွမ်းလောင်းချင်စိတ်ရှိရမယ်။

လောင်းတာကို ဆောင်ရွက်တဲ့ ကာယကံလည်း ရှိရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမှလည်း ဆွမ်းလောင်းဖြစ်တယ်။

ကိုယ့်စိတ်က အရေးကြီးတယ်။ ကိုယ့်စိတ်ဖြစ်ချင်တာ ကိုယ်ဖြစ်တာနော်။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဩကာသရဲ့ အဓိပ္ပာယ်တစ်ခု

ကဲ – မေးကြည့်လိုက်ပါဦးမယ်။

ကိုယ့်စိတ်ကနေ သတ္တဝါကို ဖန်ဆင်းတယ်ဆိုတာ ယုံတယ်။ ချိုးပေါက်အောင်လည်း ကိုယ်လုပ်တာပဲ။ အမြီးပေါက်အောင်လည်း ကိုယ်လုပ်တာပဲ။ လူဖြစ်အောင်လည်း ကိုယ်လုပ်တာပဲ။

ဟော– လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ဖြစ်လိုက်ပြီ ဆိုတော့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ဖြစ်တာလား၊ ရုပ်နာမ်တွေ ဖြစ်တာလား။

အဖြေက ရုပ်နာမ်တွေ ဖြစ်တာပါ။

အဲဒါကို သင်္ခါရလောကလို့ ခေါ်တယ်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါကို သတ္တလောက၊ သင်္ခါရနဲ့ ပေါင်းစုထားတာ။ အဲဒီ ပေါင်းစုထားတာကို ထောက်သောအားဖြင့် သင်္ခါရလောက ခေါ်တယ်။ သတ္တလောကရယ်၊ သင်္ခါရလောကရယ်၊ ဩကာသလောကရယ်။

ဩကာသလောက ဆိုတာ နေတဲ့နေရာပေါ့။ လူနေတော့ အိမ်ပေါ့။ ရဟန်းနေတော့ ကျောင်းပါ။ သူတောင်းစားနေတော့ ဇရပ်ပါ။ ရှင်ဘုရင်နေတော့ နန်းတော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်တုန်းက ကလေးဘဝ ကြည့်ခဲ့တဲ့ ရုပ်ရှင်ကား၊ အဲဒီ သီချင်းလေး မှတ်မိနေတယ်။ ဒါလေးကို သဘောလည်းကျတယ်။

ဒီသီချင်းလေးထဲကလို –

'လူနေတော့ အိမ်၊ ရဟန်းနေတော့ ကျောင်း၊ သူတောင်းစား နေတော့ ဇရပ်၊ မြတ်သောပလ္လင်၊ သခင်နန်းတော်'

ဆိုပြီးတော့ အဲဒီလိုမျိုးလေး ဆိုထားတာ။ သူ့နေရာ ကိုယ့် နေရာ နေတဲ့သူပေါ် မူတည်ပြီးတော့ နေတဲ့နေရာတွေက ပြောင်းသွား တာပါပဲ။

လူနေတဲ့ နေရာကို လူ့ပြည်ခေါ်သပေါ့၊ နတ်နေတဲ့နေရာကို နတ်ပြည်၊ ဗြဟ္မာနေတဲ့ နေရာကို ဗြဟ္မာပြည်၊ ကြောင်တွေနေတဲ့ နေရာကို ကြောင်အိမ်။

'သူ'နေတဲ့ နေရာကလေးကို ပါဠိလို ဩကာသလို့ခေါ်တယ်။ ဩကာသ၊ ဩကာသ ဘုရားရှိခိုးနဲ့ မဆိုင်ဘူးနော်။ နေတဲ့နေရာကို ဩကာသလို့ခေါ်တယ်။ သတ္တဝါရှိရင် ရုပ်နာမ်ရှိတယ်။ ရုပ်နာမ်တွေ ပေါင်းစုတဲ့ သတ္တဝါနေတဲ့နေရာကို သတ္တဝါတွေရဲ့ ဩကာသလို့ ခေါ်ပါတယ်။

အို–သူတော်ကောင်းတို့၊ ရုပ်၊ နာမ်ဖြစ်အောင်လည်း ဒီစိတ်က လုပ်တယ်။ အဲဒီ ရုပ်နာမ်ကို အကြောင်းပြုပြီးတော့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ဖြစ်အောင်လည်း ဒီစိတ်ကလုပ်တယ်။ အဲဒီသတ္တဝါတွေ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့နေရာ ဩကာသကိုလည်း ဒီစိတ်က လုပ်တယ်။


ဒီစိတ်က လုပ်နေလို့၊ စိတ်ကြောင့် ဖြစ်တဲ့ ရုပ်တွေ၊ နာမ်တွေ ရှိနေတာပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆွမ်းလောင်းတာကို သဘောပေါက်ပါ

ဒီမှာ လောကသုံးပါးကို ကြည့်လိုက်တော့ –

သတ္တလောကရယ်၊

ဩကာသလောကရယ်၊

သင်္ခါရလောကရယ်၊ သုံးမျိုး၊ အပေါ်ယံ အနေနဲ့ကတော့ သတ္တလောကကို မြင်နေကြပါတယ်။ လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲ၊ သားပဲ၊ ဇနီးပဲ၊ ခင်ပွန်းယောကျ်ားပဲ၊ အဘိုးအဘွား၊ အမေအဖေ၊ ဆွေမျိုး မောင်နှမ၊ ညီအစ်ကိုသားချင်း၊ သတ္တဝါတွေ မြင်ပါတယ်။ အဟိတ် တိရစ္ဆာန် လေးတွေလည်း မြင်ပါတယ်။

အဲဒီ သတ္တဝါလေးတွေပဲ မြင်တာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရကို မမြင်ဘူး။ မြင်လိုက်ရင် ဝိပဿနာဉာဏ် ဖြစ်ရောပေါ့။

စိတ်က သတ္တဝါတွေကို ဖန်ဆင်းနိုင်ပုံ ပြောပြမယ်။

မဟာဒုက် စာရေးတံမဲ၊ မဟာဒုက်ဘုရားမဲ။ ဗုဒ္ဓရုပ်ပွားတော် မဲပေါက်တဲ့လူက ဆွမ်းကပ်မယ်၊ အနေကဇာတင်မယ်။ သံဃာ ဘယ်နှပါး ပင့်မတုံး။ အနည်းဆုံး ငါးပါးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က လောကကို ဖန်ဆင်းပုံ ပြောပြမယ်။

တစ်ပါးတည်း ဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ်လည်း ရှိတာပဲ။ ကုသိုလ်ရတာပဲ။

ငါးပါး ပင့်ကပ်တဲ့လူလည်း ရှိတယ်။

ဆယ်ပါး ပင့်ကပ်တဲ့လူလည်း ရှိတယ်။

အပါးတစ်ရာရယ်၊ ငါးပါးရယ်၊ ဘယ်နှပါး ပင့်ကပ်ချင်လဲ။

ငါးပါး ပင့်ကပ်ချင်တဲ့စိတ် ရှိတဲ့လူဟာ အဲဒီစိတ်နဲ့ပဲ ငါးပါး ပင့်ကပ်ချင်ရင် ငါးပါးကပ်နဲ့လည်း စီးပွားဖြစ်တယ်။

ဘယ်လို ဘယ်လို ဖြစ်တာလဲ ပြောစရာ မလိုဘူး။ စိတ်က ဖန်ဆင်းနေတာ။

တချို့ မနက် မနက် သံဃာတွေ ဆွမ်းလောင်းတာ ရှိပါတယ်။ အပါးနှစ်ဆယ်လောင်းလှူလိုက်တဲ့အတွက် သူ့မှာ ပူစရာ မလိုတော့ဘူး။ အပါးငါးဆယ်လောင်းတဲ့လူလည်း ရှိတယ်။ အပါးတစ်ရာလောင်းတဲ့လူလည်း ရှိတယ်။ အပါးတစ်ရာလောင်းနေကျ စိတ်ကိုက အပါးတစ်ရာလောင်းချင်ရင် လောင်းနိုင်တယ်။

အေး– တချို့ တစ်ပါး နှစ်ပါးပဲ လောင်းတဲ့လူလည်း ရှိတယ်။ တစ်ပါး နှစ်ပါးပဲ လောင်းတဲ့လူကျတော့လည်း အပါးတစ်ရာ၊နှစ်ရာဆို လောင်းနိုင်ပါ့မလား။ စိတ်ဖြစ်တာက တစ်ပါး၊ နှစ်ပါးဆိုတော့ သူက လည်း အဆင်ကိုပြေလို့။



www.burmeseclassic.c

www.burmeseclassic.com




တချို့ကျတော့လည်း ဆွမ်းလောင်းဖို့ရာကို ခဲယဉ်းလိုက်တာ အဆင်မှ ပြေပါ့မလားလို့တွက်ပြီး လောင်းကို မလောင်းနိုင်တဲ့သူလည်း ရှိတယ်။ ဒါ ဆွမ်းလောင်းတာကိုပဲ သဘောပေါက်အောင်ပြောတာ။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လှူချင်တာ တကျော့မဟုတ်

ကဲ ... ဆွမ်းလောင်းနေတဲ့ ပုဂ္ဂိုလ်များကို ပြန်ကြည့်လိုက်စမ်းပါ။ ငါးပါးစာ အမြဲဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ်ဟာ ငါးပါးစာအတွက်ကတော့ ဘယ်က ဘယ်လို ပိုက်ဆံဝင်မှန်း မသိအောင် ဝင်နေတယ်။ ဆယ်ပါးစာလောင်းတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ဆယ်ပါးစာအတွက်တော့ စီးပွားက ဖြစ်နေတာပဲ။

အပါးတစ်ရာလောင်းတဲ့သူ၊ နှစ်ရာလောင်းတဲ့သူ၊ နေ့စဉ်နေ့တိုင်း ရာချီလောင်းနေတဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလား။ သူ ဘယ်ကရလို့ လောင်းလဲ။ အဲဒါ စီးပွားဖြစ်နေတာပဲ။

ဘယ်သူက ဖန်ဆင်းတာလဲဆိုတော့ စိတ်က ဖန်ဆင်းတာ၊ စိတ်ကိုက ထလောင်းချင်တဲ့စိတ်။

နောက်တစ်မျိုး ပြောကြမယ်။

'ဟယ်-အပါးတစ်ရာလောင်းချင်လိုက်တာ၊ ဆွမ်းကပ်ချင်လိုက်တာ'

အဲဒီလို ဆွမ်းလောင်းချင်တဲ့၊ ဆွမ်းကပ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်အိမ် ဘယ်လောက်လောက်ရမယ်။ အပါးတစ်ရာဆံ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရတယ်။ အပါးတစ်ရာကို ဆွမ်းကပ်ချင်စိတ်မွေးရင် အပါး တစ်ရာဆံ့တဲ့အိမ်ရတယ်။

ဟိုနေ့ကပဲ ဒလ အနီးမှာနေတဲ့ ဒကာ၊ ဒကာမ ဇနီးမောင်နှံ သံဃာအပါးတစ်ရာ ဆွမ်းကပ်ချင်တာ၊ အဲဒီလို စိတ်ကူးတုန်းရှိသေး အိမ်တစ်လုံး ဝယ်လိုက်နိုင်ပြီ၊ အိမ်က သိပ်မကြီးပါဘူး၊ သံဃာအပါး ၁၂၀ ပင့်တာ ထိုင်ရင်းကိုပဲ ချောင်ချောင်သွားတယ်။

ကဲ –တွက်ကြည့်၊ အပါးတစ်ရာ ကပ်ချင်တယ်ဆို တစ်ရာစာ အိမ်မရဘူးလား။ ငါးဆယ်ကပ်ချင် ငါးဆယ်စာအိမ်၊ဆယ်ပါးကပ်ချင် ဆယ်ပါးစာအိမ် ၊ ငါးပါးကပ်ချင် ငါးပါးစာအိမ်၊ အခု လူတွေက ဘယ်နှပါး ဆွမ်းကပ်ချင်စိတ်ပေါ်သလဲ၊ ငါးပါးကပ်ချင်စိတ်ပေါ်ရင် ငါးပါးဆံ့တဲ့အိမ်ရမယ်။

ခုပြောတာ ဘယ်သူက ဖန်ဆင်းတာ၊ စိတ်က ဖန်ဆင်းတာ။ တကယ်က ငါးပါးတောင် ကပ်ချင်စိတ်မရှိ၊ မဖြစ်လို့သာ တစ်ပါးတည်း ကပ်ချင်စိတ်ရှိရင် တစ်ပါးစာအိမ်ရမယ်။

ဘာအရေးကြီးတာလဲ၊ စိတ်က အရေးကြီးတာပါ။

ဘဝမှာ တစ်ဆင့်ထက် တစ်ဆင့် မြင့်လာဖို့ရာ စိတ်မြင့်မှ မြင့်မယ်။ စိတ်က အရေးကြီးတာ။ ဘယ်သူက လောကကြီးကို ဖန်ဆင်း နေတာလဲလို့ မေးရင် စိတ်က ဖန်ဆင်းတာ။

လောကကြီးကို ဆွဲခေါ်နေတာလည်းစိတ်။

လက်ကလေး လှုပ်ချင်စိတ်ရှိမှ လှုပ်သပေါ့။ မျက်လုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ချင်စိတ်ရှိမှ ဖွင့်တာ။ ဟောဒီ ခန္ဓာကိုယ်ကြီး လှုပ်ရှားအောင်လည်း စိတ်က လုပ်နေတာ။ ဒီရုပ်နာမ် နှစ်ပါးတွေ ဖြစ်လာအောင်လည်း စိတ်က လုပ်နေတာ။ စိတ်၊ စိတ် အရေးကြီးပါတယ်။ ကိုယ့်စိတ်ကို ဂရုစိုက်ဖို့ပြောတာ။

ဘုန်းတော်ကြီး မြတ်စွာဘုရားက ပြောထားတယ်။ ဘယ်သူ အမိကကျသလဲ၊ တဏှာတဲ့၊ တဏှာက လောကကြီးကို ဖန်ဆင်းပါ တယ်။ ၃၁ ဘုံအတွင်းက လူ၊ နတ်၊ ဗြဟ္မာ အဟိတ် တိရစ္ဆာန်တွေက အစ ငရဲ၊ တိရစ္ဆာန် သတ္တဝါ အသူရကာယ်တွေကို တဏှာက ဖန်ဆင်း တာ။ ပုထုဇဉ်တွေကို ဆွဲခေါ်နေတာ တဏှာက ခေါ်တာ။ စားချင်တာ တဏှာ၊ သွားချင်တာ တဏှာ၊ ချစ်ချင်တာ တဏှာ၊ လှူချင်တာကျတော့ တဏှာ မဟုတ်တော့ဘူး။


စိတ် ဘယ်လောက်ထိ အရေးကြီးတယ် အောက်မေ့လဲ။ စိတ်က ဆွဲဆွဲခေါ်နေတာ။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.c

www.burmeseclassic.com

# ဘယ်လိုစိတ်နဲ့ သိမ်းမှာလဲ

ဘုန်းတော်ကြီး မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတုန်း အဲဒီမှာ မောင်နှမလေး နှစ်ယောက်ရှိတယ်။ အစ်ကိုဖြစ်တဲ့သူက နေ့ခင်း နေ့လယ် ကျောင်းသွား၊ ညကျကျောင်းသွား တရားနာတာ။ ညီမလေးကတော့ ညလည်း သိပ်မသွား၊ နေ့လည်း သွားတာ မတွေ့ရဘူး။

မောင်နှမ နှစ်ယောက်တည်း တအားချစ်ကြတယ်။ အစ်ကိုဖြစ်တဲ့သူက ကျောင်းသွား တရားနာ၊ ဆရာတော် သံဃာတော်တွေ ဟောတဲ့တရားနာ။ မြို့စွန်မြို့ဝေးမှာပါပဲ နေကြတာ။ သာဝတ္ထိဆိုပေမယ့် သာဝတ္ထိနဲ့ ခပ်ဝေးဝေး တောရွာမှာနေတာ။

အဲဒီမှာတင် အစ်ကို ဖြစ်တဲ့သူက တရားနာရင်းနဲ့ တရားကို နှစ်သက်သဘောကျပြီးတော့ ရဟန်းပြုသွားတယ်။

သဒ္ဓါတရား နဲ့ ရဟန်းပြုပြီး နှမလေးကို အဒေါ်တွေ ဆွေမျိုးသားချင်းတွေနဲ့ အပ်ပြီး ရဟန်းပြုသွားလိုက်တာ အချိန်တန်တော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းရောက် ရဟန္တာဖြစ်သွားတယ်။

တရားကျင့်ကြံအားထုတ်လိုက်တော့ ရဟန္တာဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ နမလေး ကျန်ခဲ့တာက အားကိုးစရာမရှိတော့ အားကိုးရှာလိုက်တာ အိမ်ထောင်ကျသွားရော။

အိမ်ထောင်ကျလိုက်တော့ တူလေးတစ်ယောက်ရတယ်။ အဲဒီမှာတင် အရှင်မြတ်ကြီးက ကျောင်းမှာ သီတင်းသုံးရာက ပြန်လာ၊ တူလေးက အရွယ်ရောက်လာ၊ နောက်ဆုံး အသက်၂၀ ပြည့်လာတယ်။

အသက် ၂၀ ပြည့်တော့ ရဟန္တာ အရှင်မြတ်ကြီးက ရှာပြန်ကြပြီး ရဟန်းခံပေးတယ်။ တူလေးကလည်း ရဟန်းဖြစ်၊ အရှင်မြတ်ကြီးကလည်း ရဟန်းဖြစ်၊ နောက်ကျတော့ အရှင်မြတ်ကြီးက ရွာကျောင်းကနေ မြို့ကျောင်းသွား ဝါဆို၊ တူလေးက ရွာကျောင်းမှာ ဝါဆို။

ဝါတွင်း ဝါဆိုကြတော့ တူ ရဟန်းဆီကို လာလှူကြတဲ့ ပုဂ္ဂိုလ်တွေက သင်္ကန်း နှစ်ထည်စာ လာလှူတယ်။ ပိတ်စ နှစ်အုပ်၊ တစ်အုပ်ကတော့ ၇ တောင်လောက်ရှိမယ်။ တစ်အုပ်ကတော့ ရှစ်တောင်ရှိတယ်။ ၈ တောင်အုပ်က အတိုင်းတာကလည်း ကြီးတယ်။ ရှည်တယ်၊ အသားကလည်း နူးညံ့တယ်။

သင်္ကန်းတွေက ခုလို ချုပ်ပြီး၊ ဆိုးပြီး မရှိဘူး။ ရှေးတုန်းကတော့ အဝတ်ပိုင်းလေးတွေ လာလှူတာ ကိုက်ဖြတ်ပြီးတော့ သင်တုန်းဓားနဲ့ ကိုက်ပြီး ကိုယ့်အပ်ချည်နဲ့ ကိုယ်ချုပ်ရတာ။ ရဟန်း သံဃာဆိုတာ သင်္ကန်းချုပ်တတ်ရတယ်။ အဲဒီ အဝတ်စလေးတွေကိုပိုင်း၊ ဆေးဆိုးပြီး သင်္ကန်းချုပ်ဝတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ တူရပဟန်းက ခုနစ်တောင်ပိတ်အုပ်ကိုပဲ ချုပ်ဝတ်လိုက်တယ်။ ၈ တောင်ပိတ်အုပ်ကို သူက သေသေချာချာ သိမ်းထားတယ်။ သူ့ဘကြီး ဘုန်းကြီးကို ကြည်ညိုလေးစားတဲ့ စိတ်နဲ့ပဲ အဲဒီဟာလေးကို သူသိမ်းထားလိုက်တာ။


လောကမှာ စိတ်အရေးကြီးတယ်။ ကိုယ်သုံးဖို့ သိမ်းချင်လည်း သိမ်းလို့ရတယ်။ လှူဖို့ သိမ်းချင်ရင်လည်း သိမ်းလို့ရတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူက ဆွမ်းလောင်းခိုင်းတာလဲ

သံဃာတော် အရှင်မြတ်တွေကို ဆွမ်းလောင်းတာ စိတ်က ခိုင်းလို့ လောင်းတာ။ တဏှာကခိုင်းတဲ့စိတ်ဆိုရင် စိတ်ကလည်း မကောင်းတော့ မလောင်းတော့ဘူးပေါ့။ သဒ္ဓါက ခိုင်းတဲ့စိတ်ဆိုရင် ကောင်း တဲ့စိတ်က လောင်းတာပေါ့။

ဆွမ်းလောင်းဖို့၊ တရားနာဖို့ စိတ်ကပဲ ခိုင်းတာ။ စိတ်ဟာ တအား စွမ်းတယ်နော်။ မြေလျှိုးမိုးပျံတောင် စိတ်စွမ်းအားနဲ့ သွားလို့ရသေးတာပဲ။ မြေထဲ ငုပ်လျှိုးဝင်သွားလို့လည်း ရတယ်။ ကောင်းကင်ကို ပျံတက်လို့လည်း ရတယ်။ အဲဒါ စိတ်စွမ်းတာ။

ဘယ်သူကမှ လျှိုခိုင်း လောင်းခိုင်းတာ မဟုတ်ပါ၊ ဘယ်သူကမှ ဟောဒီ ဘုရားမဲကို ထည့်ခိုင်းတာ မဟုတ်ပါ။ ကိုယ့်စိတ်နဲ့ ကိုယ်။

တစ်ခုတော့ ရှိပါတယ်၊ ပုထုဇဉ်တွေက များသောအားဖြင့် တဏှာ ခိုင်းတဲ့စိတ်နဲ့ပဲ လုပ်နေကြတယ်။ ပုထုဇဉ်ကနေ အရိယာဖြစ်ချင်တဲ့ သူတော်ကောင်းတွေကျတော့ သဒ္ဓါခိုင်းတဲ့စိတ်နဲ့ လုပ်ကြတယ်။

ကိုယ့်စိတ်လေး ကိုယ်ပြန်ကြည့်၊ စိတ်တွေက ပြောလို့ ဘယ်ကုန်နိုင်မလဲ။ အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါးရှိတော့ အကျယ်



www.burmeseclassic.c

www.burmeseclassic.com



မပြောတော့ဘူး။ ဒီနှစ်မျိုးပဲ ပြောမယ်။ သဒ္ဒါရှိတဲ့စိတ်ရယ်၊ တဏှာရှိတဲ့စိတ်ရယ်၊ နှစ်မျိုး။

**သဒ္ဒါရှိတဲ့စိတ်က လှူတယ်။**

**တဏှာရှိတဲ့စိတ်က ယူတယ်။**

ကြည့်စမ်း၊ အခု အရှင်မြတ်ကြီးရဲ့ တူရဟန်း၊ ဘကြီးဘုန်းကြီးကို ကြည်ညိုတော့ သူက မကောင်းတာဝတ်တယ်။ ဘကြီးဘုန်းကြီးအတွက် ၈ တောင်ရှိတဲ့ နူးနူးညံ့ညံ့ ပိတ်စကောင်းကောင်းကို ချန်ထားတယ်။ အဲဒါ သူ့စိတ်က လှူချင်တဲ့အတွက် သင်္ကန်းလေးကို သိမ်းထားတာ။

စိတ်ဟာ လူမှာ အရေးကြီးတယ်။ စိတ်ဆိုတာ ဆိုးတယ်၊ ကောင်းတယ် စိတ်နှစ်မျိုး ရှိပေမယ့် ဆိုးတဲ့စိတ်ကလည်း အမျိုးမျိုး၊ ကောင်းတဲ့စိတ်ကလည်း အမျိုးမျိုးပဲ။ မဆန်းကြယ်ဘူးလား၊ ဆန်းကြယ်လား၊ ဆန်းကြယ်တယ်။

တစ်ခါတစ်ရံ အံ့သြစရာကောင်းတာ အာရုံကောင်းရင် စိတ်လေးက ကောင်းနေရော။ တစ်ခါတလေ အာရုံဆိုးရင် စိတ်လေးက ဆိုးနေရော။

စိတ်အကြောင်းလေး နည်းနည်းပြောမယ်။

အာရုံသောင်းပြောင်း အကြောင်းကြောင်းကြောင့် ဆိုးကောင်းနှစ်သွယ် ဆန်းကြယ်သောစိတ်ကို ....၊

ဟောဒီ စိတ်ကလေးက ဆိုးတဲ့စိတ်လည်း ရှိတယ်၊ ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်း ရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် ကြည့်ပေါ့၊ ပုထုဇဉ်တို့ ဆိုးပြန်တော့လည်း ဆိုး၊ ကောင်းရင် တစ်ခါတလေ ကောင်းတယ်။ အာရုံကောင်းတိုင်း ကောင်းသလားဆိုတော့ အာရုံကောင်းရင် တစ်ခါတလေ ဆိုးတာကလည်း ရှိတယ်။

အာရုံကောင်းရင် ကောင်းတယ် ဆိုတာက ရှင်းပါတယ်။ မိဘတွေက ကိုယ့်မုန့်ဖိုးပေးရင် အာရုံကောင်းလား၊ မကောင်းဘူးလား။ ကောင်းတယ်။ အဲဒီတော့ ကိုယ့်စိတ်လေးက ကောင်းတယ်။

သံဃာတော်တွေ အလှူခံလာ သပိတ်ပိုက်ပြီး ကြွလာတယ် ဆို အာရုံကောင်းလား၊ မကောင်းဘူးလား။ ကောင်းတယ်။

မကောင်းချင်ရင် စိတ်က ဆိုးသွားရော။ အာရုံကောင်းရင်လည်း ကောင်းတတ်ပါတယ်။ အာရုံ ဆိုးရင်လည်း ဆိုးတတ်ပါတယ်။ သာမန် ပုဂ္ဂိုလ်တွေပေါ့။ ဆိုးလွန်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ အာရုံကောင်းလည်း ဆိုးတယ်။ အာရုံဆိုးလည်း ဆိုးတယ်။ အာရုံကောင်းတဲ့ ပုဂ္ဂိုလ်တွေကျ အာရုံ ဆိုးလည်း ကောင်းတယ်။ အာရုံကောင်းလည်း ကောင်းတယ်။ ဘယ်သူ့ ပေါ်မှာ မူတည်သွားတာလဲ၊ ကိုယ့်စိတ်အပေါ်မှာ မူတည်သွားတာနော်။

ဆွမ်းလောင်းအောင် ဘယ်သူက ခိုင်းတာလဲ၊ စိတ်က ခိုင်းတာ၊ ဘယ်သူမှ ခိုင်းတာမဟုတ်ဘူး။ ကိုယ့်စိတ်နဲ့ကိုယ်နော်၊ သဒ္ဓါရှိတဲ့ စိတ်ရင်းနဲ့ ကိုယ်ဆွမ်းလောင်းလှူတာ၊ သဒ္ဓါရှိတဲ့စိတ်လေးနဲ့ စာရေးတံ ဘုရားမဲကို ကိုယ်က လှူတာ ။

❑

အလင်းသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လောကကြီးကောင်းအောင် ဘယ်သူလုပ်တာလဲ

ရွှေတိဂုံဘုရားရောက်ဖူးလား။

အခုလိုပြောတော့ ကိုယ့်စိတ်ထဲမှာ ရွှေတိဂုံဘုရား မပေါ်ဘူးလား။

ဒါဖြင့် မေးလိုက်ချင်တယ်။

ရွှေတိဂုံဘုရား ကိုယ့်စိတ်မှာပေါ်တော့ ရွှေတိဂုံဘုရားကြီးက ကိုယ့်စိတ်ထဲ ဝင်လာတာလား၊ ကိုယ့်စိတ်က ရွှေတိဂုံဘုရား ရောက်သွားတာလား။

စိတ်က ရွှေတိဂုံရောက်သွားတာပါဆိုရင် သေရော။ စိတ်က ရွှေတိဂုံ ရောက်သွားရင် အထဲမှာ စိတ်ရှိသေးလား။ မရှိဘူးဆိုရင် ဘာဖြစ်တုံး၊ သေရောပေါ့။

ကိုယ့်စိတ်က ရွှေတိဂုံကို ထွက်သွားတာလား၊ ရွှေတိဂုံက ကိုယ့်စိတ်ထဲ ဝင်လာတာလား။

ရွှေတိဂုံက ကိုယ့်စိတ်ထဲ ဝင်လာတာပါ။

အဲဒါဆို ရင်ဘတ်ထဲ ဘယ်လို ဝင်တုံး။



www.burmeseclassic.c

www.burmeseclassic.com



အဝေးအရပ် မသွားတတ်လည်း ဝေးရာအာရုံ ယူနိုင်ရုံဖြင့်
လူတွင်နာမ အမည်ရတတ်သောစိတ်....

ဆိုတာ အဲဒီလို အဝေးကြီးလည်း ထွက်သွားရိုးထုံးစံ မရှိဘူး၊ ဝေးတဲ့အာရုံလည်း ကိုယ့်စိတ်နဲ့ ဆုံရုံလေး၊ အဲဒါတွေကို သဘော ပေါက်တော့ ကိုယ့်စိတ်လွင့်သွားတယ်ဆိုတာ ရှိလား၊ ဟိုက အာရုံတွေ ကိုယ့်စိတ်ထဲ တိုးဝင်လာတယ် ဆိုတာ ရှိလား၊ မရှိဘူး။ စိတ်နဲ့ အာရုံနဲ့ ဆုံရုံပဲ။

ဝေးရာအာရုံ ယူနိုင်ရုံဖြင့်
လူတွင်နာမ အမည်ရတတ်သော
ကေစာတံ တစ်စိတ်ချုပ်၍
တစ်စိတ်ဖြစ်ပြီး စင်စစ်ကွဲပြား
တစ်ပါးတည်းသာ လှည့်ထသော...။
စိတ်ဆိုတာ တစ်စိတ်ပြီး တစ်စိတ် ဖြစ်နေတာနော်။

များသောအားဖြင့် ကိုယ့်စိတ်က လျှောက်သွားတယ်လို့ထင် တယ်။ ကိုယ့်စိတ်က များလိုက်တာလို့ ပြောတယ်။ စိတ်ဆိုတာ ဘယ်မှ ထွက်သွားရိုးထုံးစံ မရှိဘူး၊ စိတ်ဆိုတာ အများကြီး ဖြစ်ရိုးထုံးစံလည်း မရှိဘူး။ တစ်စိတ်ပြီး တစ်စိတ် ဖြစ်နေတာပဲ။ စိတ်ဆိုတာ အရောင် အဆင်း ပုံသဏ္ဌာန် အရွယ်အစား မရှိဘူး၊ စိတ်သက်သက်ပဲ၊ နှလုံးအိမ် မှာ စိတ်ကလေးက ကိန်းတယ်လို့ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အမိက ပြောချင်တာက ကိုယ့်မှာ စိတ်ရှိတဲ့အခါ ကိုယ့်စိတ်အကြောင်း သိဖို့ပါပဲ။ ကိုယ့်မှာ စိတ်ရှိတယ်။ စိတ်ဆိုတာ ဒီလိုသဘောရှိတယ်။ စိတ်ကောင်းရင် အာရုံ ကောင်းလာတယ်။ စိတ်ဆိုးရင် အာရုံဆိုးလာတယ်။

လောကကြီး ကောင်းအောင် ဘယ်သူက လုပ်တာတုံး၊ သတ္တဝါတွေကောင်းအောင်လည်း ဘယ်သူက လုပ်တာတုံး၊ စိတ်က လုပ်တာ။

အဲဒီလိုမျိုး ကိုယ့်ကို စိတ်က စွမ်းဆောင်နေပါလားလို့ ကိုယ့်သဘောသိဖို့ပါပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လောကကြီးကို ဆွဲဆောင်တာ ဘယ်သူလဲ

အခုကြည့်၊ အရှင်မြတ် တူရဟာန်းလေး သင်္ကန်း ဘယ်နှ ထည်ရလဲ၊ နှစ်ထည်။ ဘယ်နှထည် ချန်ထားလဲ၊ တစ်ထည်။ အဆိုး ချန်တာလား၊ အကောင်းချန်တာလား၊ အကောင်း။

စိတ်ကောင်းလို့ အကောင်း ချန်တာပေါ့။ စိတ်ဓာတ် မကောင်းရင် ဘယ် အကောင်း ချန်ပါ့မလဲ။

အဲ ...သီတင်းဝါလကျွတ်တော့ ရဟာန်းလေးက သပိတ်ကို လွယ်၊ ယပ်တောင်ကြီးကိုင်၊ ယပ်တောင်က ထန်းယပ်တောင်ကြီး၊ အကြီးကြီး၊ တွေ့ဖူးလား။

တောမှာနေပြီး ခုမှ သာဝတ္ထိ ဘကြီးဘုန်းကြီးဆီသွားမှာ၊ နေပူမှာစိုးတော့ ထီးလည်း သူ မဆောင်းဘူး၊ ယပ်တောင်လေးပဲ ယူသွားတယ်၊ ယပ်တောင်လေးနဲ့ နေကာပြီး သွားတယ်၊ ပခုံးတစ်ဖက်မှာ သပိတ်ကို လွယ်ထားတယ်။

သပိတ်အပေါ်မှာ အဲဒီ ၈ တောင်ရှိတဲ့ အဝတ်လို့ခေါ်တဲ့ သင်္ကန်းကို တင်ထားတယ်။ တစ်ခါတလေ ခေါင်းပေါ်တင်ရင် တင်တယ်။



www.burmeseclassic.c

www.burmeseclassic.com



ခေါက်ပြီးတော့ တစ်ခါတလေ ပခုံးပေါ်တင်ရင် တင်တယ်။ ယပ်တောင်ကြီးကလည်း နေကာဖို့ရာအတွက်၊ ရှင်သီဝလိ အရှင်တော်မြတ်ပုံ မတွေ့ဖူးဘူးလား။ အဲဒီလိုမျိုး သပိတ်ကို လွယ်ထားပြီးတော့ ယပ်တောင်က ကိုင်ထား ထမ်းထားပြီး သွားရော။

အဲဒီလိုနဲ့ သာဝတ္ထိရောက်သွားတယ်။ သာဝတ္ထိရောက်တော့ အရှင်မြတ်ကြီးရဲ့နာမည်ကို မေးမြန်းစုံစမ်းပြီး ကြွသွားတယ်။ သူ့ကိုယ်သူလည်း ဘယ်ရွာကနေ ကြွလာတာဖြစ်ကြောင်း၊ ဘွဲ့အမည် တိဿလို့ ခေါ်ကြောင်း ပြောပြ မိတ်ဆက်တယ်။ ကျောင်းမှာရှိတဲ့ ဌာနေကိုယ်တော်တွေကလည်း အာဂန္တု ဧည့်သည်ရဟန်းလေးကို လာပါ၊ ကြွပါနဲ့ ပျူပျူငှာငှာ ကြိုဆိုကြတယ်။

ရဟန်းလေးက ဟိုကြည့် ဒီကြည့်နဲ့ သူ့ဘကြီးဘုန်းတော်ကြီးကို ရှာဖွေနေမိပါတယ်။ ဒါပေမယ့် ဘကြီးဘုန်းတော်ကြီးက ဆွမ်းကပ်ကြွသွားတာမို့ ခဏ စောင့်နေရတယ်။

အဲဒါနဲ့ ကျောင်းကျတော့ ကျောင်းပေါ်တက်သွား၊ ဝရန်တာလေးမှာ သေချာ ယပ်တောင်လေးကို ဘေးကထောင်၊ သားရေနွယ်လေးကို ဘေးမှာချ၊ အဲဒီမှာတင် ကျောင်းသန့်ရှင်းရေးလုပ်နေတာ၊ ဘုန်းတော်ကြီးရဲ့ကျောင်းဆိုတော့ ဝရန်တာသန့်ရှင်းရေးတွေဘာတွေ လုပ်နေတာပေါ့။ ရေဆေးတဲ့၊ ခြေထောက်ဆေးတဲ့ နေရာတွေလည်း ရှိတယ်။ အကုန်သန့်ရှင်းရေးတွေလုပ်။ လုပ်မှာပေါ့၊ သူက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းရှိတဲ့သူကိုး။

အဲဒီမှာ ၉ နာရီခွဲ ၁၀ နာရီလောက် ဘုန်းတော်ကြီးက ကြွလာတော့ ထွက်ပြီး ကြိုတာပေါ့။

ကြိုပြီးတော့ ဆွမ်းစားတဲ့နေရာ သပိတ်လေးချ၊ ဘုန်းတော်ကြီးကို ခြေထောက်ကလေး ရေဆေးပေး။ လိမ္မာလိုက်တဲ့ ရဟန်းလေး၊ သူတော်ကောင်း အရှင်မြတ်။ စိတ်ကောင်းရှိရင် ကောင်းပါတယ်။ စိတ်ဆိုးရှိရင် ဆိုးပါတယ်။

သူတော်ကောင်းတို့၊ စိတ်ကောင်းလေး အရေးကြီးလိုက်ပုံ ပြောမနေနဲ့တော့။

လောကကြီးမှာ ဘယ်သူ ဆွဲဆောင်တာလဲ။


စိတ် .... ဟုတ်လား။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကောင်းတဲ့စိတ်လေး ဆိုးသွားပြီ

စကားစမြည်ပြော၊ ဘကြီးဘုန်းတော်ကြီးက သင်္ကန်းလေး စိုလာတာတွေ လဲပြုပြီး ဆွမ်းဘုဉ်းပေးချိန်ကျရော၊ တူဦးဇင်းလေးက အဲဒီမှာ ဆွမ်းဝိုင်းပြင်ပေးတယ်။ ဟိုက ဆွမ်းခံကြွခဲ့တာကို ဘကြီးဘုန်းကြီး ဆွမ်းဘုဉ်းပြီးမှ သူ ဘုဉ်းမယ်ပေါ့။

ဆွမ်းဝိုင်းလေးပြင်၊ သပိတ်လေးနဲ့ အရှင်မြတ်ကပြင်။ လက်ဆေးရေတွေ ဘာတွေနဲ့ အကုန်လုံး အဆင်ပြေအောင်လုပ်ပြီး ဆွမ်းဝိုင်းပြင်တယ်။ ၁၀ နာရီ၊ ၁၀ နာရီခွဲ၊ ၁၁ နာရီနဲ့။

နေကလည်း အညာမြို့လို ပူတယ်နဲ့တူတယ်။ အဲဒီတော့ ဆွမ်းစားနေတာကို ယပ်တောင်နဲ့ ခတ်ပေးတာ။ ထန်းယပ်တောင်နဲ့ ခတ်ပေးတာ။ တူဝရီး နှစ်ယောက်တည်း။ ဒီဆရာတော်ပဲ ဥပဇ္ဈာယ်၊ ဒီဆရာတော်ပဲ ကြည်ညိုတာ၊ ဒီဆရာတော်ပဲ ဘကြီးကိုး။

အဲဒီမှာ ယပ်တောင်လေး ခတ်ပြီးတော့ ဆရာတော်ဘုရား၊ ဆရာတော်ဘုရား မခေါ်ပါဘူး။ ရင်းရင်းနှီးနှီး ခေါ်နေကျ ဘကြီးဘုန်းကြီးလို့ ခေါ်လိုက်တာ။ ဘကြီးဘုန်းကြီး။ ဟိုက ဆွမ်းစားနေရင်းနဲ့ လှည့်ကြည့်တယ်။



www.burmeseclassic.c

www.burmeseclassic.com



ဘကြီးဘုန်းကြီး ကျန်းမာရဲ့လား၊ ဘကြီးဘုန်းကြီး ဆွမ်းစားနေတုန်း ခေါ်လိုက်တာ။ သူကတော့ ယပ်တောင်လေးခတ်လို့ ဆွမ်းမစားပါဘူး။

ဘကြီးဘုန်းကြီးဘုရား၊ ဝါတွင်းမှာ တပည့်တော် သင်္ကန်း နှစ်ထည်ရပါတယ် ဘုရား။ တစ်ထည် အသစ်ကြမ်းကြမ်းကိုတော့ တပည့်တော် ဝတ်ရုံလိုက်ပါတယ် ဘုရား။ ဘကြီးဘုန်းကြီးအတွက် အကောင်းစား သင်္ကန်းတစ်ထည် ၈ တောင်တောင်ရှိတယ် ဘုရား။ အသားက နူးနူးညံ့ညံ့လေးနဲ့။ ဘကြီး ဘုန်းကြီးအတွက် တပည့်တော် ယူခဲ့ပါတယ်ဘုရား။

အဲဒါ တပည့်တော် လှူပါရစေဘုရား။

သူ လှူချင်စိတ်နဲ့ ယူခဲ့တာ မဟုတ်လား။ တပည့်တော် လှူပါရစေ ဘုရားဆိုတော့ ဘကြီးဘုန်းကြီးက တို့များ ပြည့်စုံပါတယ်တဲ့။

သင်္ကန်းရှိတယ်ပေါ့။ အဲဒါ နောက်တစ်ခါ ဟိုစကားပြော ဒီစကားပြောနဲ့ –

"ဘကြီးဘုန်းကြီး၊ တပည့်တော် နှစ်ထည်ရတယ်၊ တစ်ထည် ယူခဲ့တယ် ဘုရား၊ ဘကြီးဘုန်းကြီးကို လှူပါရစေ ဘုရား"

"မောင်ပဉ္စင်း၊ တို့များ ပြည့်စုံပါတယ်"

ဘယ်နှခါရှိပြီလဲ၊ နှစ်ခါရှိပြီ။

နောက်တစ်ခါ ဒီလို ပြောရင်းပြောရင်းနဲ့–



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးဘုန်းကြီး၊ တပည့်တော် သင်္ကန်းတစ်စုံ ၈ တောင် လောက်ရှိတာ ယူခဲ့တယ် ဘုရား။ တပည့်တော် လှူပါရစေ ဘုရား"

"တို့မှာ ပြည့်စုံပါတယ်"

ဘယ်နှခါ ရှိပြီလဲ၊ သုံးခါ။

သုံးခါငြင်းလိုက်ရင် ထပ်ပြောရိုးထုံးစံ မရှိတော့၊ သဘောမတူ ခွင့်မပြုတာပေါ့။

'ဟယ်.... ဘကြီးဘုန်းကြီးကလည်း ကြည့်စမ်း၊ ငါ သူ့အတွက် လှူချင်လို့၊ တစ်ဝါတွင်းလုံး သိမ်းထားခဲ့တာ ကိုယ့်ဘကြီးဘုန်းကြီးမို့လို့ ကိုယ်က လှူချင်တာ၊ ဒီလောက်ကောင်းတဲ့ သင်္ကန်းကို ကြည့်စမ်းပါဦး၊ သာသနာမှာ ဥပဇ္ဈာယ်ဆရာဆိုလို့လည်း ဒီဆရာပဲရှိတာ။ ဘကြီး ဆိုတော့လည်း ဒီဘကြီးပဲ၊ ဘကြီးဘုန်းကြီးကို ကြည်ညို၊ ဥပဇ္ဈာယ် ဆရာကို ကြည်ညိုလွန်းလို့လာတာ၊ ဒီသင်္ကန်းလှူချင်လို့လာတာ၊ ငါ့သင်္ကန်း လက်မခံဘူးဆိုရင်...'

ရဟန်း သံဃာအချင်းချင်း အတူတူ မသုံးဆောင်ရင် စိတ်ထဲ မှာ မကောင်းကြဘူးလေ။ အဲဒါ နောက်ဆုံးကျတော့ လှူမယ်ဆိုတာ လုံးဝ လက်လည်း မခံရော ဘကြီးဘုန်းကြီးကို ရဟန်းလေးက စိတ်ဆိုးသွားတယ်။


ကောင်းတဲ့စိတ်လေး ဆိုးသွားပြီနော်။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ရှုပ်တော့ အဖော်လိုတယ်

'တော်ပြီ၊ ဘကြီးဘုန်းကြီးကို အားကိုးပြီး ငါ ရဟန်းဝတ်တာ၊ တော်ပြီ၊ ပြန်မယ်၊ လူထွက်တာပဲ ကောင်းတယ်'

အဲဒါနဲ့ ဘာလုပ်သလဲဆို ယပ်တောင် ဘေးချ၊ သပိတ်တောင် မလွယ်တော့ပါဘူး။ ဘကြီးဘုန်းကြီးကို မလျှောက်ဘဲနဲ့ အသာဆင်းသွားတာ။ ဘကြီးဘုန်းကြီးက သူ့ဘာသာ သူ ဆွမ်းဘုဉ်းပေးနေတာ။ ယပ်တောင်ဘေးချပြီး သပိတ်လည်း မယူတော့၊ ဘာမှ မယူတော့ဘူး။ လူထွက်တော့မယ် ဆိုပြီး အသာဆင်းသွားတယ်။

တူတော်မောင် စိတ်ကလေး တစ်ဆစ် ဖောက်ပြန်သွားပြီ။ သူ့စိတ်ကလေးက သာသနာတော်ကို ကြည်ညို၊ဘကြီးဘုန်းကြီးကို ကြည်ညိုပြီးတော့ ကြည်ညိုတဲ့စိတ်သုံးပြီး ရဟန်းဝတ်တယ်။ အခု ဘုန်းတော်ကြီးက သူ လှူတဲ့သင်္ကန်း မယူတော့ ယပ်တောင်လေးချ ဆင်းသွားပြီး ရှာပြန်တာ။ စောစောက ယပ်တောင်လေး ခတ်ပေးပြီး ဘကြီးဘုန်းကြီးက လက်မခံတော့ ဘာလုပ်လဲ၊ ရှာပြန်သွားပြီ။

ရှာပြန်၊ ရှာလည်းရောက်ရော၊ ကြည့်။

ဒါပေမယ့် သူက အဝတ်ပိုင်းလေးတော့ ယူသွားတယ်။



www.burmeseclassic.c

www.burmeseclassic.com



ဘကြီးဘုန်းကြီး လက်မခံတော့ အဝတ်စကလေး ပြန်ယူသွားတယ်။ အဲဒီလို ပြန်ယူပြီး လမ်းသွားရင်းနဲ့ စဉ်းစားတယ်။

'ငါ ရွာရောက်ရင် လူထွက်မယ်၊ လူထွက်ရင် ဘုန်းကြီး လူထွက် ဆိုပြီးတော့ အလုပ် မလုပ်လို့လည်း မဖြစ်ဘူး။ အလုပ်က လည်း လုပ်ရဦးမယ်။

အဲ –ဘုန်းကြီးလူထွက် ဘာလုပ်ရကောင်းမလဲ၊ စဉ်းစားနော်'

လမ်းမှာ စဉ်းစား၊ ကျောင်းရောက်တော့လည်း စဉ်းစား။ ကျောင်းရောက်ပြီး ဘုန်းကြီးလူထွက်ဖြစ်။

'အဲ–ဟုတ်ပြီ။ ဘုန်းကြီးလူထွက် ဘာလုပ်မလဲဆိုတော့ သူများအိမ် လယ်သူရင်းငှားလုပ်မယ် ဆိုတော့လည်း လုပ်နိုင်လား၊ မလုပ်နိုင်ဘူး၊ ပင်ပင်ပန်းပန်း မလုပ်နိုင်ဘူး။ တော်ပြီ တော်ပြီ၊ ဒီလိုဆို ဝက်မွေးတာကောင်းတယ်။ ပြန်စဉ်းစားကြည့်တော့၊ မဟုတ်သေးဘူး၊ ဘုန်းကြီးလူထွက်က ဝက်မွေးတာ ဘယ်ကောင်းမလဲ'

သူ ဘယ်တုံးကတည်းက လူထွက်ချင်တာလည်း မသိဘူး။ ဗဟုသုတ ရှိလိုက်ပုံတော့။

'ဟယ်– ဘုန်းကြီးလူထွက် ဆိတ်မွေးမယ်'တဲ့။

ကိုင်း– ဆိတ်က တစ်သားကျရင် နှစ်ကောင်မွေးတယ်တဲ့။ တစ်နှစ်ကို နှစ်သားကျတယ်လေ။ နွားဆိုရင် နွားစာရှိတယ်။ မြင်းဆိုရင် မြင်းစာရှိတယ်။ ဝက်ဆိုရင် ဝက်စာရှိတယ်။ ဆိတ်ဆိုတော့ ဆိတ်စာ ရယ်လို့ မရှိဘူး။ လွှတ်ထားလိုက် ဘာအစာရယ်လို့ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းကြီးသားက လူထွက်ပြီးတော့ ဘာလုပ်လိုက်လဲ ဆိုတော့ ရှစ်တောင်ရှိတဲ့ သင်္ကန်းပိုင်း သွားရောင်းတာ ရှစ်ကျပ်ရတယ်။ ရွှေဒင်္ဂါးနဲ့ လုပ်ထားတဲ့ဒင်္ဂါးပြား ၈ ပြားရတယ်။

အဲဒါနဲ့၊ မောင်မင်းကြီးသားက ဆိတ်အထီးနဲ့ အမနဲ့ ဝယ် လိုက်တာ နှစ်ကောင်၊ ဝယ်ပြီးတော့ မွေးလိုက်တာ၊ ခြောက်လရှိသေး တယ် နှစ်ကောင်မွေးတယ်။ နောက် ၆ လရှိသေးတယ် နှစ်ကောင်မွေး။ အရင်နှစ်ကောင်နဲ့ဆို ခြောက်ကောင် ဖြစ်သွားတယ်။

အဲဒီကနေ ဆက်မွေးရင်း မွေးရင်းနဲ့ ဆိတ်အုပ်ကြီး ဖြစ်လာ တာ၊ ဆိတ်အုပ်ကြီးဖြစ်လာတော့ ဆတ်နို့ညှစ်ရတာ တစ်မျိုး၊ ဆိတ် ကျောင်းရတာ တစ်မျိုး၊ ဆိတ်ကို သွားရောင်းရတာ တစ်မျိုး၊ တစ်ယောက်တည်း အလုပ်ရှုပ်လား၊ မရှုပ်ဘူးလား။ ရှုပ်တယ်။

ဘာလိုလာလဲ၊ အဖော်လိုလာတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လှည်းယဉ်မောင်းလို့ ထွက်ကြပြီ

တကယ် အဖော်လိုတော့ ဘာလုပ်လဲ။

အဖော်ရှာတယ်။ အဖော်ရှာတော့ ဆိတ်နို့ကူညစ်သလိုလို၊ ဆိတ်ကူကျောင်းသလိုလိုနဲ့ နောက်ဆုံး ကိုယ်ကပဲ ထမင်းချက်ရတယ်။ ကိုယ်ပဲ ဆိတ်ကျောင်းရတယ်။

နောက်ဆုံး သားလေးတစ်ယောက် မွေးလာ၊ သားလေး တစ်ယောက် ရလာမှ ဘုန်းကြီးလူထွက်က ဘကြီးဘုန်းကြီးကို သတိရ တယ်။

"ရှင်မရေ၊ သားလေးလည်း သုံးလေးနှစ်အရွယ်ရောက်လာ ပြီ။ တို့ ဘကြီးဘုန်းကြီးကို သွားကန်တော့ရအောင်"

ကြည့်စမ်းပါဦး ....

ဘယ်လောက်တောင် ကြာသွားလဲ၊

ဆိတ်မွေးတာတွေရော အိမ်ထောင်ပြုတာရော၊ ကလေးလေး သုံးနှစ်လေးနှစ် အရွယ်ရောက်ပြီ၊ ဟိုပြေး ဒီပြေး ဆော့ကစားတဲ့ အရွယ်လေး ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆိတ်ကလည်း အဆင်ပြေ၊ ကိုင်းတွေ ဘာတွေလည်း အဆင်ပြေ၊ လယ်တွေကလည်း အဆင်ပြေ၊ နွားတွေ ဘာတွေနဲ့၊ လှည်းတွေ ဘာတွေနဲ့၊ အဲဒီ လှည်းယဉ်လေးက,ပြီး ငှက်ပျောခိုင်ခုတ်၊ ဆီပုံးတွေတင်၊ ငါးခြောက်ပြားကြီးတွေတင်၊ ဘကြီးဘုန်းကြီး သွားကန်တော့မယ်။

လှည်းယဉ်လေးနဲ့ သာဝတ္ထိသွားကြတာ။

လှည်းယဉ်ဆိုတာ တွေ့ဖူးတယ်နော်။

နောက်စိုက်နေတာလား၊ ရှေ့စိုက်နေတာလား၊ ဘယ်နားလေး ကော့နေတာလဲ။

နောက်က ကော့နေတာ။ ရှေ့က နွားက ဘယ်လောက်ကြီး ကြီး ရှေ့ကို စိုက်နေတာ။

အဲဒီ ရှေ့စိုက်နေတဲ့ လှည်းယဉ်လေးပေါ် ကောက်ရိုးတွေ ခင်းပြီးတော့မှ ဖျာခင်းပြီး ဆီပုံးတွေတင်၊ ဆန်တောင်းလေးတင်၊ ငါးခြောက်ပြားလေးတင်၊ ဘယ်သူ့ သွားကန်တော့မတုံး၊ ဘုန်းတော်ကြီး သွားကန်တော့တာ။

အဲဒီမှာလေ ဘုန်းကြီးလူထွက်က ရှေ့ကနေ လှည်းမောင်း၊ အမျိုးသမီးက နောက်ကနေ ကလေးကိုချီ ပွေ့ထိန်းပြီးတော့ လှည်း မောင်းနေတာ။

လှည်းမောင်းရင်းနဲ့–



www.burmeseclassic.com

www.burmeseclassic.com



'တော် ညောင်းပြီ၊ ကျွန်မ မောင်းမယ်'ပေါ့။

'အာ ... နင် မမောင်းစမ်းပါနဲ့၊ ငါပဲ မောင်းပါ့မယ်၊ နင်ကလေးထိန်း'

ပြောဆိုပြီးတော့ သွားကြတာ။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်မိန်းမ မနိုင်တိုင်း

လှည်းယဉ်ကလေးကို လယ်ကန်သင်းကြားတွေမှာ မောင်းရတာကိုး။ ဒီတော့ လှည်းလမ်းက ခပ်ကြမ်းကြမ်းရယ်။

အဲဒီအခါ ဘုန်းကြီးလူထွက်က–

"ဟေ့– ငါ့သားကို သေချာဂရုစိုက်နော်၊ နင့်လှည်းက ကန်သင်းရိုးတွေ ဖြတ်သွားတာ၊ သေချာဂရုစိုက်"

ဘုန်းကြီးလူထွက်က ရှေ့ကနေ မောင်းရင်းနဲ့ သူ့မိန်းမကို သတိပေးတယ်။

ကြံချင်မှ ကြုံဖူးကြမှာပါ။ မြို့သူမြို့သားတွေ တောလှည်း စီးဖူးရင်၊ လယ်ကွင်းထဲ ဖြတ်ဖူးရင် သိတယ်။ ကန်သင်းရိုးပေါ်ကို တက်လိုက်တော့ လှည်းက ဘာဖြစ်သွားလဲ၊ စောင်းသွားတာ။ စောင်းပြီးတော့ ဟိုဘက်ကျတော့ မြုတ်ဆို ပြုတ်ကျတာ။

ကလေးက ဆော့တတ် ကစားတတ်တဲ့ အရွယ်ဆိုတော့ လှည်းလည်း ပြုတ်ကျရော အဲဒီ ကလေးကလည်း လျှောပြီးတော့ လှည်းရှေ့ ကျသွားရော။



www.burmeseclassic.com

www.burmeseclassic.com



ကျလည်း သွားရော ကန်သင်းရိုးကနေ လှည်းဘီးက အကျ၊ ကလေးက အကျနဲ့ ကလေးငယ်လေးကို လှည်းက တက်နင်းလိုက်တာ။ ကဲ -တွက်ကြည့်ပေါ့။

"ဟယ်- ကလေးကျပြီ ကျပြီ"

မိန်းမက အထိတ်တလန့် အဲဒီလို အော်လိုက်ပေမယ့် လှည်းက ထိန်းမရဘူးလေ။ ကန်သင်းရိုးကနေ လှည်းက ပြုတ်ကျသွားတာ၊ လှည်းဘီးက ကလေးကို တက်နင်းတာ။

တက်လည်းနင်းရော-

"ဒီကောင်မ၊ ကလေး ဂရုမစိုက်ဘူး"

ဆိုပြီး နွားရိုက်တဲ့ ကြိမ်လုံးနဲ့ မိန်းမ ဖမ်းရိုက်တာ။

ကလေးသေချာထိန်းပါဆို၊ ကဲ- အခု ဘာကြိတ်ပြီတုံး၊ လှည်းဘီးကြိတ်တာ၊ သေမှာပေါ့ ကလေးက။

အဲဒါနဲ့ စိတ်တိုပြီး-

'ဒီမိန်းမ ကလေးတောင် ကောင်းကောင်းမထိန်းဘူး'ဆိုပြီး ရိုက်ထည့်တာ။

ရိုက်လည်း ရိုက်ထည့်ရော အဲဒီမှာ ယပ်ခတ်နေတဲ့ ယပ်တောင်ကြီးက ဘကြီးဘုန်းကြီးခေါင်း သွားခေါက်ပါလေရော။

သူက ဘာလုပ်နေလဲ၊ ဆွမ်းစားနေတဲ့ ဘကြီးဘုန်းကြီးကို ယပ်ခတ်ပေးနေတာ။ ယပ်ခတ်ပေးနေရင်း အဲဒီလို စိတ်ဆိုးဆိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးအယဉ်ကောင်းလိုက်တာ ယပ်တောင်ကြီးက ဘကြီးဘုန်းကြီး ခေါင်းကို သွားခေါက်တော့တာပဲ။

ဟိုက ရဟန္တာအရှင်မြတ်ကြီး၊ ဈာန်အဘိညာဏ် တန်ခိုးရ တော့ ဒီလို ဘာကြောင့် ဖြစ်ရတာလဲ ဆိုတာကို ကောင်းကောင်း သိတာပေါ့။

"ဟဲ့- မောင်ပဋ္ဌင်း၊ ကိုယ့်မိန်းမ မနိုင်တိုင်း ငါ့ခေါင်းရိုက် ရလား၊ ဟေ ..."


အဲဒီလို မိန့်တော်မူပါရော။

❑



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှုက်လို့ လူထွက်တော့မယ်

ဘယ်သူဆွဲတဲ့နောက်က လိုက်နေရတာ။ စိတ်ဆွဲတဲ့နောက် လိုက်နေရတာ။ ဘယ်သူက လောကကြီးကို ဖန်ဆင်းတာ။ စိတ်က ဖန်ဆင်းတာ။ ဘယ်သူက လောကကြီးကို ဆွဲတာ။ စိတ်က ဆွဲခေါ်တာ။ သူသူ ငါငါ ပုထုဇဉ် သတ္တဝါတွေ စိတ်ဆွဲတဲ့နောက် လိုက်နေရတာ။

အဲဒီစိတ်ကပဲ ပုထုဇဉ်တွေမှာ တဏှာရှိတဲ့စိတ်၊ တဏှာဆွဲတဲ့နောက် လိုက်ရတာ ရှိတယ်။ သဒ္ဓါရှိတဲ့စိတ်၊ သဒ္ဓါဆွဲတဲ့နောက် လိုက်ရတာ ရှိတယ်။ ဘယ်ဘက်ကို လိုက်မလဲ၊ သဒ္ဓါဘက်ကို လိုက်မယ်။ တဏှာဆွဲတဲ့စိတ်ရယ်၊ သဒ္ဓါဆွဲတဲ့စိတ်ရယ်။

ဘယ်သူက လှူမယ်၊ သဒ္ဓါဆွဲတဲ့စိတ်က လှူမယ်။ ဆွမ်းလောင်းတာက ဘာဆွဲတဲ့စိတ်၊ သဒ္ဓါဆွဲတဲ့စိတ်။ မလောင်းတော့ဘဲ သိမ်းတာက တဏှာဆွဲတဲ့စိတ်။

ဘာလို့အမြဲမလောင်းကြတာတုံး၊ အမြဲမလောင်းနိုင်ဘူးလား။ လောင်းချင်ရင် လောင်းလို့ရပါတယ်။ ဘယ်သူက ဦးဆောင်နေတာလဲ၊ စိတ်က ဦးဆောင်နေတာ။ စိတ်က ဝါတွင်းဝါပ အမြဲလောင်းတယ်ဆို မရဘူးလား ရလား၊ သာသနာနဲ့ ကြုံတုန်း၊ ဘုရား တရား သံဃာ



www.burmeseclassic.com

www.burmeseclassic.com



ရတနာမြတ်သုံးပါး အထင်ရှားရှိတုန်း၊ သံဃာတော်အရှင်မြတ် အလှူခံ ပုဂ္ဂိုလ် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေရှိတုန်း လှူဖြစ်တာ စိတ်လေး အရေးကြီးတယ်။ စိတ်ကလေးသာရှိနေရင် ဆွမ်းသိမ်းဆိုတာ ရှိကို မရှိဘူး၊ အမြဲတမ်း ဆွမ်းလောင်း၊ ဆွမ်းလောင်းပဲ ရှိနေတယ်။

သတ္တဝါတိုင်း သတ္တဝါတိုင်း စိတ်ဆွဲတဲ့နောက် လိုက်နေကြတယ်။ ပုထုဇဉ် လူဖျင်း၊ လူနု၊ လူထိုင်း၊ လူရိုင်း၊ လူမိုက်၊ လူဗလချာ၊ လူ့အလကား ပုဂ္ဂိုလ်တွေကတော့ တဏှာဆွဲတဲ့နောက်ကို လိုက်နေရတယ်။ သူတော်ကောင်းဖြစ်ချင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သဒ္ဓါဆွဲတဲ့နောက် လိုက်နေကြတယ်။

ကြည့်စမ်း၊ စိတ်ကလေးက ဆွဲသွားတာ မျက်တောင်တစ်ခတ်အတွင်း လူထွက်လိုက်ပြီ။ စိတ်က လူထွက်ချင်စိတ် ပေါ်သွားတဲ့ အတွက်ကြောင့် စိတ်ထဲကနေ လူထွက်ပစ်လိုက်တာ၊ နောက်ဆုံးဆိတ်ကလည်း မွေးလိုက်သေး။ အိမ်ထောင်ကလည်း ကျလိုက်သေး။ ကလေးကလည်း ရလိုက်သေး။ တကယ်ရတာလား၊ စိတ်ကြောင့်လား၊ တကယ်ဖြစ်သွားတာလား၊ စိတ်ကူးတာလား။ စိတ်ကူးတာ။

လူတွေလည်း ကိုယ့်ဟာကိုယ် စိတ်မကူးဘူးလား၊ ကူးဖူးလား၊ ဒီဘုန်းကြီးလူထွက် ကလေးကို လှည်းဘီးကြိတ်တာ ကျွတ်ကျွတ်ကျွတ်ကျွတ် မလုပ်နဲ့။ ကိုယ်စဉ်းစားတာ ကျွတ်ကျွတ် ကျွတ်ကျွတ်လုပ်။

'ဟဲ့ မောင်ပဉ္စင်းရဲ့၊ ကိုယ့်မိန်းမ မနိုင်တိုင်း ငါ့ခေါင်းရိုက်ရလား'

ဆိုတော့၊ လား ... လား အဲဒီကျမှ ငါ့စိတ် ဖြစ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး သိသွားပါလား၊ ဘကြီးဘုန်းကြီး သိသွားပါလား။

အဲဒီကျမှ ရှက်ပြီး ယပ်တောင်ချပြီး ပြေးသပ၊ အခုမှ တကယ် ပြေးတာနော်။

တော်ပြီ တော်ပြီ။ ဘကြီးဘုန်းကြီးသိတာ ငါ ရှက်သပ၊ လူထွက်တာပဲ ကောင်းတယ်။

အဲဒီကျမှ ပြေးတာ၊ စောစောက တကယ်မသွားဘူး။


ဩော် – စိတ် စိတ်၊ အဲဒီမှာ တကယ်လည်း ထွက်ပြေး၊ လူထွက်မယ်ဆိုပြီး ပြေး။ ကျောင်းဝင်းကြီးထဲ ဖြတ်ပြေး၊ သင်္ကန်းဖိုးရိုး ဖားရားနဲ့ ဆိုတော့ ကျန်တဲ့ကိုယ်တော်တွေက ဟိုကိုယ်တော် ဘာလဲ မသိဘူးဆိုပြီး လိုက်ဖမ်းကြတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.c

www.burmeseclassic.com

## စိတ်စေရာလိုက်ရင်း

လိုက်ဖမ်းလို့ မိသွားတော့မှ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ထံခေါ်သွားတယ်။

အဲဒီအကြောင်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သိပြီး သားပဲ။ သိပေမယ့် အများပရိသတ်ရှေ့မှာ မေးတော့မှ ယပ်တောင်နဲ့ ဘကြီးဘုန်းကြီးကို ခေါက်တာကို ပြောပြတာ။ နှစ်ခါ အရှက်ကွဲတယ်။ ဘကြီးဘုန်းကြီး ပြောလို့ တစ်ခါ အရှက်ကွဲရတယ်။ ဘုရားမေးလို့ တစ်ခါ အရှက်ကွဲရတယ်။

ဘာကိုမစောင့်စည်းလို့၊ စိတ်ကို မစောင့်စည်းလို့၊ ကိုယ့်စိတ်လေး ကိုယ်စောင့်ရှောက်မှသာလျှင် မာရ်နတ်ရဲ့ လက်အတွင်း သံသရာက လွတ်မြောက်မှာပဲ မဟုတ်လား။ သံသရာက လွတ်ချင်လား၊ မလွတ်ချင်ဘူးလား၊ နိဗ္ဗာန် မရောက်ချင်ဘူးလား၊ ရောက်ချင်လား။

အဲဒီ တရားလည်း ဟောပေးလိုက်ရော၊ ကိုယ့်စိတ်ကို စောင့်ရှောက်ဖို့လည်း ဟောပေးလိုက်ရော အဲဒီ မောင်ပဥ္စင်း သောတာပန် ဖြစ်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးဘုန်းကြီးခေါင်းခေါက်တဲ့သူ ဘာဖြစ်သွားလဲ၊ သောတာပန်ဖြစ်သွားပါတယ်။ ဘုန်းကြီးခေါင်းခေါက်တဲ့သူတောင် ဘာဖြစ်သွားလဲ၊ သောတာပန်ဖြစ်သွားပါတယ်။

ဒီတရားစာပေနဲ့ တွေ့ပြီးကတည်းက ဆွမ်းစားတဲ့အခါ ယပ်လာခတ်ရင် ဝေးဝေး နေရတယ်၊ သတိထားရတယ်။ ပြောလို့မရဘူး၊ တွေးချင်ရာ တွေးပြီး ဆော်ရင် ဆော်မှာ၊ ကိုယ်လည်း သူ့စိတ်သိတာမှ မဟုတ်တာ။ ပုထုဇဉ်တွေကိုး။ ဆွဲတဲ့နောက် လိုက်နေကြတယ်။

ဘာတဲ့၊ ဆွဲတဲ့နောက် လိုက်နေကြတယ်။ ဘယ်သူဆွဲတာ၊ စိတ်ကဆွဲတာ၊ စိတ်ကောင်းဆွဲရင်လည်း ဆွဲတဲ့နောက်ကိုလိုက်ပြီး ကောင်းတာတွေ ဖြစ်သွားကြတယ်။ စိတ်ဆိုးဆွဲရင်လည်း ဆွဲတဲ့နောက်ကို လိုက်ပြီး ဆိုးတာတွေ ဖြစ်ကုန်ကြတယ်။

အဲဒါဆိုရင် ကောင်းတဲ့စိတ်ဆွဲတဲ့နောက် လိုက်တဲ့သတ္တဝါတွေဟာ ကောင်းကျိုးချမ်းသာတွေ စံစား ခံစားပြီးတော့ အသိဉာဏ်ရှိတဲ့နောက်၊ သဒ္ဓါရှိတဲ့နောက် လိုက်သွားရင် နိဗ္ဗာန်မရောက်ဘူးလား၊ ရောက်မလား၊ ရောက်ပါတယ်။

ဆွဲရာနောက် လိုက်နေကြတဲ့ အထဲမှာ တဏှာဆွဲတဲ့နောက် မလိုက်ပါနဲ့။ သဒ္ဓါဆွဲတဲ့နောက်လိုက်ပါ။ အသိဉာဏ်မဲ့ ဆွဲတဲ့နောက် မလိုက်ပါနဲ့။ ပညာရှိဆွဲတဲ့နောက်လိုက်ပါ။

ဒီလိုပဲ ဘုရားလောင်း သူတော်ကောင်းတွေ၊ ပစ္စေကဗုဒ္ဓ

www.burmeseclassic.com



အလောင်း သူတော်ကောင်းတွေ၊ အလောင်းတော်မြတ် သူတော်ကောင်းတွေဟာ စိတ်စေရာလိုက်ရင်း လိုက်ရင်းနဲ့ နောက်ဆုံး ဘယ်အထိ ရောက်သွားတာလဲ၊ နိဗ္ဗာန်အထိ ရောက်သွားတာ။

မဟုတ်တာတွေတွေးပြီး မဟုတ်တာတွေ စဉ်းစားမယ့်အစား စိတ်ကောင်းလေးဖြစ်အောင် ကိုယ့်စိတ်ကလေး စောင့်ရှောက်နိုင်လို့ ကောင်းတဲ့စိတ် ဆွဲတဲ့နောက်ကို ကောင်းတဲ့ သတ္တဝါတွေ အနေနဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ စံစား ခံစားပြီး နိဗ္ဗာန်တိုင်ထိ ရရောက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

*ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ*

❑



www.burmeseclassic.com